ဆောက်လုပ်ရေးလုပ်ငန်း

အလုပ်အကိုင်နှင့် အလုပ်သမား ဝန်ကြီးဌာန
Gwangju ဒေသဆိုင်ရာရုံး

# လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးအတွက် ဤအချက်များကို မဖြစ်မနေ လိုက်နာပါ

## အလုပ်သမားများအတွက် အဓိက ဘေးကင်းလုံခြုံရေး စည်းမျဉ်းများ

### ပြုတ်ကျမှု ကာကွယ်ရေး စည်းမျဉ်းများ



☑ **ပြုတ်ကျမှု ငြမ်းနှင့် လုပ်ငန်းခွင်စင်မြင့် ဘေးကင်းစည်းမျဉ်း**

○ ငြမ်းပေါ်တွင် အလုပ်လုပ်ခြင်းနှင့် ရွှေ့လျားခြင်းကို လုပ်ငန်းခွင်ဆင်မြင့် ပေါ်တွင်သာ ပြုလုပ်ရမည်။

○ ငြမ်းတွင် တပ်ဆင်ထားသော ဘေးကင်းလုံခြုံရေး လက်ရန်းကို ကျော်ခွခြင်း (သို့) မိမိသဘောဖြင့် ဖြုတ်ပစ်ခြင်း မပြုရ။

○ လက်ရန်းကို ယာယီဖြုတ်ထားရမည့် အခြေအနေမျိုးတွင် ဘေးကင်းလုံခြုံရေး ခါးပတ်နှင့် ဦးထုပ်ကို မဖြစ်မနေ ဝတ်ဆင်ရမည်။

☑ **ပြုတ်ကျမှု ရွှေ့ပြောင်းနိုင်သော ငြမ်း ဘေးကင်းစည်းမျဉ်း**



○ အလုပ်လုပ်ကိုင်သည့်အခါ ဘေးကင်းလုံခြုံရေး ခါးပတ်နှင့် ဦးထုပ်ကို မဖြစ်မနေ ဝတ်ဆင်ရမည်ဖြစ်ပြီး၊ လက်ရန်းမရှိသော ငြမ်းပေါ်တွင် အလုပ်လုပ်ခိုင်းပါက ငြင်းဆန်ရမည်။

○ လက်ရန်းကို ကျော်ခွခြင်း (သို့) ဖြုတ်ပစ်ခြင်း မပြုရ။

○ ငြမ်းကို ရွှေ့ပြောင်းသည့်အခါ အလုပ်သမားသည် စင်မြင့်ပေါ်မှ မြေပြင်ပေါ်သို့ ဆင်းရမည်။

☑ **ပြုတ်ကျမှု တွဲလောင်းချ ငြမ်း ဘေးကင်းစည်းမျဉ်း**

○ ငြမ်းကြိုးကို သတ်မှတ်ထားသော ချိတ်တွင် ခိုင်မြဲစွာ ချည်နှောင်ထားရမည်။

○ သီးခြား အသက်ကယ်ကြိုး တပ်ဆင်ပြီး ဘေးကင်းလုံခြုံရေး ခါးပတ်ကို ထိုကြိုးတွင် ချိတ်ဆက်ထားရမည်။

○ အသက်ကယ်ကြိုးနှင့် ဘေးကင်းလုံခြုံရေး ခါးပတ် မရှိပါက အလုပ်လုပ်ရန် ငြင်းဆန်ရမည်။

☑ **ပြုတ်ကျမှု လှေကား ဘေးကင်းစည်းမျဉ်း**

○ ရွှေ့ပြောင်းနိုင်သော လှေကားများကို လုပ်ငန်းခွင်စင်မြင့် (သို့) ပြုတ်ကျမှုကာကွယ်ရေးပိုက်ကွန် တပ်ဆင်ရန် ခက်ခဲသော အခြေအနေမျိုးမှ လွဲ၍ အသုံးမပြုရ။

○ လှေကားဖြင့် အတက်အဆင်းပြုလုပ်ရာတွင် လဲကျခြင်း (သို့) ချော်ထွက်ခြင်း မရှိစေရန် စီမံထားရမည်။

* လဲကျမှုကာကွယ်ရန် - ဒေါက်ထောက်ခြင်း၊ အဆောက်အအုံနှင့် တွဲချည်ခြင်း၊ ၂ ယောက် ၁ တွဲ အလုပ်လုပ်ခြင်း။

* ချော်ထွက်မှု ကာကွယ်ရန် - ချော်လဲမှုကာကွယ်ရေး အပြား တပ်ဆင်ခြင်း။

○ လှေကားအသုံးပြုစဉ် ဘေးကင်းလုံခြုံရေး ခါးပတ်နှင့် ဦးထုပ် ဝတ်ဆင်ရမည်။

☑ **ပြုတ်ကျမှု နှင့် ပြိုကျမှု ပုံစံခွက်နှင့် ဒေါက်တိုင်များ ဘေးကင်းစည်းမျဉ်း**



○ ပုံစံခွက်ဒေါက်တိုင်များကို ဖွဲ့စည်းပုံစစ်ဆေးပြီးနောက် တပ်ဆင်ပုံ ဒီဇိုင်းအတိုင်း တပ်ဆင်ရမည်။

○ တပ်ဆင်ခြင်းနှင့် ဖြုတ်သိမ်းခြင်း ပြုလုပ်ချိန်တွင် ပြုတ်ကျမှု ကာကွယ်ရေး အစီအမံများ ရှိမရှိ စစ်ဆေးရမည်။

○ ကွန်ကရစ်လောင်းနေစဉ် ပုံပျက်ခြင်း (သို့) နေရာရွေ့ခြင်းများ တွေ့ရှိပါက ချက်ချင်း ရှောင်တမ်းရမည်။

☑ **ပြုတ်ကျမှု သံပေါင် ဘေးကင်းစည်းမျဉ်း**

○ သံပေါင်ပေါ်တွင် အလုပ်လုပ်သည့်အခါ ဘေးကင်းလုံခြုံရေး ခါးပတ် ဝတ်ဆင်ပြီး ချိတ်ဆက်ထားရမည်။

○ သံပေါင်ကို မတင်သည့်အခါ ကြိုး ၂ ချောင်းသိုင်းသည့်နည်းဖြင့် မတင်ရမည်။

○ တပ်ဆင်နေသည့် (သို့) မတင်နေသည့် သံပေါင် အောက်သို့ ဝင်ရောက်ခြင်း မပြုရ။

☑ **ပြုတ်ကျမှု·ညှပ်မိခြင်း ဝေဟင်၌ အလုပ်လုပ်ရန် စင်မြင့် ဘေးကင်းစည်းမျဉ်း**



○ စင်မြင့်ပေါ်တွင် ဘေးကင်းလုံခြုံရေး ဦးထုပ်နှင့် ခါးပတ် ဝတ်ဆင်ရမည်။

○ စင်မြင့်ပေါ်မှ အပြင်သို့ ထွက်ခြင်း မပြုရ။

○ အမြင့်ထိန်း ကိရိယာ ကို မိမိသဘောဖြင့် ဖြုတ်ခြင်း (သို့) ပြုပြင်ခြင်း မပြုရ။

## တိုက်မိခြင်း နှင့် ထိခိုက်မိခြင်း ကာကွယ်ရေး စည်းမျဉ်းများ



☑ **တိုက်မိခြင်း မြေတူးစက်/ဘက်ဟိုး ဘေးကင်းစည်းမျဉ်း**

○ မြေတူးစက် အလုပ်လုပ်နေသော အဝန်းအဝိုင်းအတွင်း လုံးဝ ဝင်ရောက်ခြင်း မပြုရ။

○ မောင်းနှင်သူသည် ထိုင်ခုံခါးပတ် မဖြစ်မနေ ပတ်ထားရမည်။

○ မြေကော်ခွက်၊ ကျောက်ခွဲစက်၊ စသည့် ဆက်စပ်ပစ္စည်းများ လဲလှယ်တပ်ဆင်သည့်အခါ လုံခြုံရေးပင် စိုက်ရမည်။



☑ **တိုက်မိခြင်း ကုန်တင်ကား ဘေးကင်းစည်းမျဉ်း**

○ ကုန်တင်ကားနှင့် ထိခိုက်နိုင်ခြေရှိသော နေရာများသို့ ဝင်ရောက်ခြင်း မပြုရ။

○ ကားသွားလမ်းကြောင်းများတွင် လမ်းမလျှောက်ရ၊ လမ်းရှင်းပေးသူ (အချက်ပြသူ)၏ အချက်ပြမှုကို လိုက်နာရမည်။

○ မလွဲမရှောင်သာ ကားနောက်ခန်း(ကုန်တင်သည့်နေရာ) သို့ တက်ရပါက ခါးပတ်ပတ်ခြင်းကဲ့သို့သော ပြုတ်ကျမှုကာကွယ်ရေးကို သတိပြုရမည်။

☑ **ထိခိုက်မိခြင်း ရွှေ့ပြောင်းနိုင်သော ကရိန်း ဘေးကင်းစည်းမျဉ်း**

○ ပွန်းပဲ့နေသော (သို့) ပုံပျက်နေသော ကြိုးများကို အသုံးမပြုရ။

○ ကရိန်း၏ ဒေါက်များကို မြေကျွံနိုင်ခြေမရှိသော နေရာတွင် ထောက်ရမည်။

* အန္တရာယ်ရှိသောနေရာ: မြေပျော့၊ လမ်းဘေးပလက်ဖောင်း၊ ရေမြောင်းဖုံး စသည့်

○ ပစ္စည်းမတင်နေစဉ် ပစ္စည်းအောက်သို့ ဝင်ရောက်ခြင်း မပြုရ။

## ပြိုကျမှု ကာကွယ်ရေး စည်းမျဉ်းများ

☑ **ပြိုကျမှု မြေတူးဆွခြင်းနှင့် တောင်စောင်းလုပ်ငန်း ဘေးကင်းစည်းမျဉ်း**

○ လုပ်ငန်းခေါင်းဆောင်၏ ညွှန်ကြားချက်အတိုင်း လုပ်ကိုင်မည့် နည်းလမ်းနှင့် အစီအစဉ်ကို လိုက်နာရမည်။

○ စက်ယန္တရား လမ်းရှင်းပေးသူ(အချက်ပြသူ) နောက် လိုက်ပါပြီး စက်များနှင့် မထိခိုက်အောင် သတိပြုရမည်။

○ မြေအက်ကွဲခြင်း၊ မြေအောက်ရေ စိမ့်ထွက်ခြင်း စသည့် ပြိုကျမည့် လက္ခဏာများ တွေ့ရှိပါက အလုပ်ရပ်နားပြီး ရှောင်တိမ်းရမည်။

☑ **ပြုတ်ကျမှု နှင့် ပြိုကျမှု မြေထိန်းနံရံလုပ်ငန်း ဘေးကင်းစည်းမျဉ်း**

○ ပုံစံထုတ်ထားသည့် တပ်ဆင်နည်းနှင့် အစီအစဉ်များကို စစ်ဆေးပြီး လိုက်နာရမည်။

○ အပေါ်ဖက်နေရာကဲ့သို့ ပြုတ်ကျနိုင်ခြေရှိသော နေရာတွင် အလုပ်လုပ်ပါက ဘေးကင်းလုံခြုံရေး ခါးပတ် ဝတ်ဆင်ရမည်။

○ ပစ္စည်းမတင်သည့်အခါ ကြိုး ၂ ချောင်းသိုင်းခြင်း၊ ကြိုးအကောင်းအပျက်နှင့် ဟုခ်လော့ခ် ကောင်းမကောင်း စစ်ဆေးရမည်။

☑ **ပြိုကျမှု တာဝါကရိန်း ဘေးကင်းစည်းမျဉ်း**

○ လုပ်ငန်းခေါင်းဆောင်၏ ညွှန်ကားချက်အတိုင်း လုပ်ကိုင်မည့် နည်းလမ်းနှင့် အစီအစဉ်ကို လိုက်နာရမည်။

○ ပစ္စည်းမတင်သည့်အခါ ကြိုး ၂ ချောင်းသိုင်းခြင်း၊ ကြိုးအကောင်းအပျက်နှင့် ဟုခ်လော့ခ် ကောင်းမကောင်း စစ်ဆေးရမည်။

○ မတင်ထားသော ပစ္စည်းအောက်ရှိ အန္တရာယ်ရှိသော ဧရိယာသို့ ဝင်ရောက်ခြင်း မပြုရ။

☑ **ပြိုကျမှု ပိုင်ရိုက်စက် ဘေးကင်းစည်းမျဉ်း**

○ တပ်ဆင်ခြင်း၊ ဖြုတ်သိမ်းခြင်း လုပ်ဆောင်နေသူများမှလွဲ၍ အနီးသို့ မသွားရ။

○ လုပ်ငန်းခွင် လုပ်ဆောင်နည်းအဆင့်ဆင့်ကို နားလည်ထားပြီး ခေါင်းဆောင်၏ ညွှန်ကြားချက်ကို လိုက်နာရမည်။

○ စစ်ဆေးရန်အတွက် တိုင်(Leader)ပေါ်သို့ တက်ရောက်ပါက ဘေးကင်းလုံခြုံရေး ခါးပတ် ဝင်ဆင်ရမည်။



☑ **ပြိုကျမှု ဆောက်လုပ်ရေးသုံး ဓာတ်လှေကားလီဖ့် ဘေးကင်းစည်းမျဉ်း**

○ ဝင်ထွက်ချိန်မှလွဲ၍ တံခါးကို မိမိသဘောဖြင့် ဖွင့်ထားခြင်း မပြုရ။

○ သတ်မှတ်ဝန်ချိန်ထက် ပိုမတင်ရ။

○ လီဖ့်၏ ဘေးကင်းလုံခြုံရေး ကိရိယာများကို မိမိသဘောဖြင့် ဖြုတ်ခြင်း၊ ပိတ်ခြင်း မပြုရ။